# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

### အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၂) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၇) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၈) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၂ ရက်၊

(၉) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၁၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၁) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၁၂) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၁၄) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၁၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၇) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၈) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၁၉) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၀) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၂၁) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၂၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၂၃) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်၊

(၂၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၂၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၂၆) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၂၈) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊



**မူကြမ်း**

(၂၉) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၃၀) မြိတ်မဲဆန္ဒနယ်မှ ဦးဒွေးမြင့် ခွင့် ၅ ရက်၊

(၃၁) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၃၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁ ရက်၊

(၃၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်နှင့်

(၃၄) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း



**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံရှိ THE BURMA COMPANIES ACT ၁၉၁၄ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ် အထူးအက်ဥပဒေများသည် လီမိတက်ကုမ္ပဏီများအတွက် အဓိကပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ရာ ယခုနိုင်ငံတော်မှ မှတ်ပုံတင်ခွင့်ပြုထားသော အများပိုင်ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဟိုးလ်ဒိန်းများကို မည်သည့်ဥပဒေနှင့် ထိန်းသိမ်းကွပ်ကဲမှုပြုလုပ်နေသည်နှင့် ယင်းကဲ့သို့ကုမ္ပဏီများအရေအတွက် မည်မျှရှိသည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲတွေဖြစ်ပြီးတော့ ဈေးကွက် စီးပွားရေးစနစ်စတင်ပြီး ပေါ်ပေါက်လာတဲ့ ၁၉၈၉-၁၉၉၀ ခုနှစ်မှာစပြီး မြန်မာနိုင်ငံမှာ ကုမ္ပဏီ များအများအပြား ပေါ်ပေါက်ခဲ့ပါတယ်။ သို့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၈-၂၀၀၉ ခုနှစ် ခန့်လောက်မှာ ကုမ္ပဏီအများအပြား ရာဇဇာန်းချိပြီးတော့ ဖျက်သိမ်းသွားခဲ့ရတာ တွေ့ရပါတယ်။ တဖန် ၂၀၁၀ ရွေးကောက်ပွဲအပြီး အစိုးရအသစ်လက်ထဲရောက်ရှိလာတဲ့အခါမှာ ကုမ္ပဏီများအများ အပြား ထပ်မံပေါ်ပေါက်လာပါတယ်။ အထူးသဖြင့် ယနေ့နိုင်ငံတော်က ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ တင်ဒါစနစ်ဖြင့် ဆောင်ရွက်စေတဲ့အတွက်ကြောင့် ဒီတင်ဒါစနစ်ဖြင့်ဆောင်ရွက် လိုတဲ့ ကုမ္ပဏီများအများအပြား ထပ်မံပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဒီနေ့ထိ မြန်မာနိုင်ငံမှာ ကုမ္ပဏီ များနှင့်ပတ်သက်ပြီး ၁၉၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ ဒီ The Burma Companies Act ဆိုတဲ့ ဒီအက်ဥပဒေတစ်ခုသာရှိပြီး ယင်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေး အဖွဲ့လက်ထက်မှာ ပြင်ဆင်ခြင်းကို အနှစ် ၈၉-၉၀ တစ်ခုပြင်ဆင်ခဲ့တာပဲဖြစ်ပါတယ်။ ယနေ့ထိ သုံးစွဲနေခဲ့တာ တွေ့ရပါတယ်။ ဒီဥပဒေဟာ ၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တာဖြစ်ပေမယ့် ဥပဒေပေါင်း Schedule အပါအဝင် ပုဒ်မပေါင်း ၄၀၀ နီးပါးလောက်ရှိပါပြီ။ အလွန်ပြည့်စုံပါတယ်။ ယနေ့အခါမှာ

မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီတို့ ကော်ပရေးရှင်းတို့၊ မြန်မာ့စီးပွားရေးဦးပိုင်တို့၊ MEC တို့၊ လျှပ်စစ်ဓာတ်အားကော်မရေးရှင်းကလည်း ရန်ကုန်လျှပ်စစ်ဓာတ်အားကော်ပရေးရှင်းတို့၊ မန္တလေးလျှပ်စစ်ဓာတ်အားကော်ပရေးရှင်းတို့စသည်ဖြင့် ပေါ်ပေါက်လာတယ်။ ဒါကြောင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက မြန်မာနိုင်ငံတွင် ယခုအခါ ကုမ္ပဏီလီမိတက်၊ အများပိုင်ကုမ္ပဏီ၊ ကော်ပရေးရှင်းနှင့် ဟိုးလ်ဒိန်းကုမ္ပဏီများ ပေါ်ပေါက်လျက်ရှိပါသည်။ ကုမ္ပဏီများနှင့်ပတ်သက်သည့် အက်ဥပဒေ အဖြစ် The Burma Companies Act ၁၉၁၄ နှင့် ၎င်းဥပဒေကို ပြင်ဆင်ထားတဲ့ ဥပဒေနှစ်ခုသာရှိပါသည်။ အဆိုပါ အက်ဥပဒေများမှာ Limited နှင့် UnLimited ကုမ္ပဏီများသာ ပြဋ္ဌာန်းချက်ဖြစ်သဖြင့် အများပိုင်ကုမ္ပဏီများ၊ ကော်ပရေးရှင်းများနှင့် ဟိုးလ်ဒိန်းများကို မည်သည့် ဥပဒေများနှင့် သက်ဆိုင်ပါသနည်းဆိုတဲ့မေးခွန်း(၁)နှင့် နံပါတ်(၂)မေးခွန်းကတော့ ယနေ့ မြန်မာနိုင်ငံမှာမှတ်ပုံတင်ထားသည့် ကုမ္ပဏီလီမိတက်၊ အများပိုင်ကုမ္ပဏီကော်ပရေးရှင်းနှင့် ဟိုးလ်ဒိန်းကုမ္ပဏီများရဲ့အရည်အတွက် မည်မျှရှိသပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာမေးမြန်းတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း ကဖြေကြားမှာဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာဟာ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ ၁၉၅၀ ပြည့်နှစ်အထူးကုမ္ပဏီအက်ဥပဒေများနှင့်အညီ အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဦးပိုင်ကုမ္ပဏီတွေကို ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိပါတယ်။

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၅ မှာ တာဝန်ကန့်သတ်၍ဖြစ်စေ၊ မကန့်သတ်ဘဲဖြစ်စေ၊ ဥပဒေနှင့်အညီကုမ္ပဏီတွေကို ဖွဲ့စည်းမှတ်ပုံတင်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ဒါ့အပြင် ၁၉၅၀ ပြည့်နှစ်အထူးကုမ္ပဏီအက်ဥပဒေနိဒါန်းပိုင်းမှာလည်း မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေမှာရှိတဲ့အချို့သော ပြဋ္ဌာန်းချက်များနှင့်အကြောင်းအားလျော်စွာ လိုအပ်လျှင် မသက်ဆိုင်သောကုမ္ပဏီမျိုးဖွဲ့စည်းရန် ရည်ရွယ်သည်တစ်ကြောင်း၊ ထိုကုမ္ပဏီကိုဖွဲ့စည်းရန်ကိစ္စနှင့် အခြားကိစ္စများအတွက် ပြဋ္ဌာန်းရန် လိုအပ်သည့်လည်းတစ်ကြောင်း၊ ထိုအကြောင်းကြောင်းများကြောင့် ၁၉၅၀ ပြည့်နှစ်အထူးကုမ္ပဏီ အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်ဟု ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါဥပဒေတွေဟာ လီမိတက်ကုမ္ပဏီတွေ၊ အများနဲ့မသက်ဆိုင်တဲ့ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီ၊ ကော်ပိုရေးရှင်းအားလုံး၊ ကုမ္ပဏီများအားလုံး မှတ်ပုံတင်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒီဥပဒေအနက် ဖွဲ့စည်းမှတ်ပုံတင်ထားပြီးတဲ့ ကုမ္ပဏီတွေဟာ ၁၉၁၄ ခုနှစ်မြန်မာ နိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၇ အရ ဒါရိုက်တာတွေခန့်အပ်ခြင်းနှင့်ပြောင်းလဲခြင်း၊ ပုဒ်မ ၁၀၄ အရ အစုရှယ်ယာများခွဲဝေသတ်မှတ်ခြင်းနှင့်ရောင်းချခြင်း၊ ပုဒ်မ ၃၄ အရအစုရှယ်ယာများလွှဲပြောင်းခြင်း၊ ပုဒ်မ ၈၁ အရ အထူးအစည်းအဝေးကျင်းပပြီးကုမ္ပဏီအမည်ပြောင်လဲခြင်း၊ ပုဒ်မ ၇၂ အရ ရုံးခန်းတည်နေရာရွှေ့ပြောင်းခြင်း၊ ပုဒ်မ ၇၆ အရ ကုမ္ပဏီတွေရဲ့ နှစ်ပတ်လည်အထွေထွေအရပ်ရပ် အစည်းအဝေးကျင်းပခြင်း၊ ပုဒ်မ ၁၄၅ ပုဒ်မခွဲ(က) အရ စာရင်းစစ်ခန့်ထားခြင်း၊ ပုဒ်မ ၁၅၅ မှ ပုဒ်မ ၂၄၇ အရ ဖျက်သိမ်းခြင်းနှင့် အများနှင့်သက်ဆိုင်တဲ့ ကုမ္ပဏီတွေကတော့ အဆိုပါ ပုဒ်မများကို လိုက်နာရမည့်အပြင် ဥပဒေအရကျင်းပမည့် ကုမ္ပဏီအစည်းအဝေး အစီရင်ခံစာကို ပုဒ်မ ၇၇ အရ ထပ်မံတင်ပြရခြင်း၊ ပုဒ်မ ၁၀၃ အရ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် ရရှိစေရေးအတွက် ပုဒ်မ ၉၂၊ ပုဒ်မ ၉၃ အရ မိမိကုမ္ပဏီရဲ့အကြောင်းကို ပြည့်စုံစွာဖော်ပြထားတဲ့ လုပ်ငန်းလမ်းညွှန်ချက် ရှင်းတမ်း သို့မဟုတ် အလားအလာစာတမ်းတွေကို တင်ပြရခြင်းများဖြင့်လည်း ထိန်းသိမ်းကွပ်ကဲ ဆောင်ရွက်မှုပြုနေပါတယ်။

၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်၊ မေလကုန်အထိ ဖွဲ့စည်းထားတဲ့ မှတ်ပုံတင်ကုမ္ပဏီတွေဟာဆိုရင် အများကြီးဖြစ်လာပါတယ်။ ဒါကလည်း ကျွန်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်တဲ့အနေနဲ့ ဖြေလျှော့မှုတွေပေးတာတွေ၊ ဒါ့အပြင် ကုမ္ပဏီလုပ်ငန်းတွေ ဖွံ့ဖြိုးလုပ်ငန်းတွေ

လုပ်ကိုင်တဲ့အခါမှာလည်း တင်ဒါစနစ်နဲ့ပေါ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှုတွေ ဒီကိစ္စရပ်တွေကြောင့် ကုမ္ပဏီတွေဟာ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံကကုမ္ပဏီအစသဖြင့် ကုမ္ပဏီတွေဟာ တိုးတက်များပြားလာခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ၁၉၈၈- ၁၉၈၉ ခုနှစ်မှ ဒီ၂၀၁၅-၂၀၁၆ ခုနှစ်၊ မေလကုန်အထိ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီပေါင်းဟာ စုစုပေါင်း ၄၉၀၇၄ ခုရှိပါတယ်။ မြန်မာကုမ္ပဏီအနေနဲ့ကတော့ အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီ ၄၄၄၉၈၊ အများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီ ၁၉၉ ခု၊ နိုင်ငံခြားကုမ္ပဏီ ၄၂၉၉ ခုနှင့်ဖက်စပ်ကုမ္ပဏီ ၇၈ ခုတို့ ဖြစ်ပါကြောင်း ကျွန်မအနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ဆက်လက်မေးမြန်းဆွေးနွေးခွင့်ပြုပါ။ ကျွန်တော်ဒုတိယဝန်ကြီးတင်ပြထားသလို မြန်မာနိုင်ငံမှာ ကုမ္ပဏီပေါင်း ၄၉၀၀၀ ကျော်ရှိပါတယ်။ ယနေ့ ကျွန်တော်တို့ ကုမ္ပဏီမှတ်ပုံတင်ကြေးဟာ ကုမ္ပဏီတစ်ခုကို ၁၀ သိန်း ၁ သန်း ပေးရပါတယ်။ ယနေ့ ကုမ္ပဏီမှတ်ပုံတင်ကြေးဟာပင် သန်းပေါင်း ၄၉၀၀၀ ကျော် ရရှိမယ်သဘောဖြစ်ပါတယ်။ ယနေ့ ဒုတိယဝန်ကြီးတင်ပြထားသလို ကုမ္ပဏီတွေဟာ အသင်းအဖွဲ့မှတ်တမ်းတို့၊ အစုရှယ်ယာတို့ ဝေတာတို့ကအစ လုပ်ငန်းအများအပြားကို ဥပဒေအရဆောင်ရွက်ဖို့လုပ်ငန်းများများစွာအားနည်းလျက်ရှိပါတယ်။ အလုပ်လုပ်ချင်လို့သာ ကုမ္ပဏီစထောင်ပြီးတော့ ကုမ္ပဏီအသင်းအဖွဲ့စည်းမျဉ်း ဒီ ၁၉၁၄ ခုနှစ် ကုမ္ပဏီအက်ဆိုတာကို မမြင်ဘူးတဲ့ကုမ္ပဏီလည်း အများအပြားရှိပါတယ်။ ဒီနေ့တော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဒီကုမ္ပဏီတွေကို မလိုအပ်ပဲနဲ့ ဥပဒေမလိုက်နာလို့ ဖျက်သိမ်းခြင်းခံရတာမျိုး မဖြစ်ရအောင် ဒီပညာပေးခြင်းများ၊ စစ်ဆေးခြင်းများကို စီမံချက်ချပြီး ဆောင်ရွက်ချပေးမယ့် အစီအစဉ်ရှိပါသလားဆိုတဲ့မေးခွန်းကို ဆက်လက်မေးချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)**။ ။ ကုမ္ပဏီတွေနဲ့ အဓိကအားဖြင့် သက်ဆိုင်တာကတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဖြစ်ပါတယ်။ အဲဒီတော့ ဒီဦးစီးဌာနနဲ့လည်း အရင်တုန်းကဆိုရင် နေပြည်တော်မှာပဲ ရှိရာကနေပြီးတော့ နောက်ပိုင်းမှာ ကျွန်မတို့ ကုမ္ပဏီတွေကို ဒီဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ အသိပေး၊ ပညာပေးဥပဒေပြုလုပ်တာတို့ နောက်တစ်ခါကျတော့ ကုမ္ပဏီတွေရဲ့ လုပ်ငန်းဆောင်တာတွေ နောက်တစ်ခါ ကျွန်မတို့ မှတ်ပုံတင်တဲ့အခါမှာလည်း လွယ်ကူအောင်ဆိုပြီးတော့ ကျွန်မတို့သည်

အရင်တုန်းက နေပြည်တော်မှာ ဒီရှိတဲ့ရုံးကနေပြီးတော့ ရန်ကုန်ကိုပြောင်းရွှေ့ခဲ့ပါတယ်။ နောက်တစ်ခါ ကျတော့ ကျွန်မတို့ One Stop Service ကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။ One Stop Service မှာ ကျတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဝန်ထမ်းတွေ၊ နောက်တစ်ခါ Custom မှ ဝန်ထမ်းတွေ၊ နောက်တစ်ခါ ပြည်တွင်းအခွန်က၊ ဝန်ထမ်းတွေစသဖြင့် သက်ဆိုင်ရာဌာနတွေက ဝန်ထမ်းတွေက အကုန်လုံးပူးပေါင်းပြီးတော့ ရုံးဖွင့်လှစ်ထိုင်ပြီးတော့ ကုမ္ပဏီတွေရဲ့ အဆင်ပြေမှု သက်သာချောင်ချိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ခါ နယ်တွေမှာ ပြည်နယ်/တိုင်းတွေ ကိုလည်းသွားပြီးတော့ ဒီညွှန်ကြားမှုဦးစီးဌာနအား လုပ်ငန်းလုပ်ကိုင်မယ့် လူတွေ၊ ရင်းနှီးမြှုပ်နှံမယ့် လူတွေ၊ ကုမ္ပဏီလုပ်မယ့်လူတွေအားလုံးအတွက်ကို ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေ ကုမ္ပဏီ တွေထောင်မယ်ဆိုရင်လည်း ဒီကုမ္ပဏီတွေနဲ့ ပတ်သက်ပြီးတော့ ဘာတွေလိုက်နာသင့်တယ်၊ နောက်တစ်ခါကျတော့ ဒီအက်ဥပဒေတွေကို ထိန်းသိမ်းသင့်တယ် စသဖြင့်ပေါ့နော် ဒီအချက်အလက် တွေ ဒါတွေကို သင်တန်းတွေအမြဲတမ်း ဖွင့်လှစ်ပို့ချနေပါတယ်။ ကျွန်မအခုအရေအတွက်အားဖြင့် တော့မပြောနိုင်ပါဘူး။ ဒါပေမယ့် အတိအကျမပါလာလို့ပါ။ သို့ရာတွင် ပြည်နယ်/တိုင်းအားလုံးမှာ ဦးစီးဌာနအနေနဲ့ ကျွန်မတို့ သင်တန်းတွေသွားပြီးတော့ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ အကုန်လုံးပေါ့ နော်။ စိတ်ပါဝင်စားတဲ့ အဓိကကတော့ လုပ်ငန်းရှင်တွေ တက်ရောက်နိုင်ပါတယ်။ အဲဒီတော့ ပညာပေး သင်တန်းတွေလည်း ပို့ချပါတယ်။ နောက်ပြီးကျတော့ ပိုပြီးတော့လုပ်ငန်းလုပ်ကိုင်တဲ့နေရာမှာ လွယ်ကူ အောင်လည်း ရုံးကိုလည်း နေပြည်တော်ကနေပြီးတော့ ရန်ကုန်ကို ရွှေ့ထားပါတယ်။ နောက် OSS တွေ ဖွင့်ပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း ကျွန်မအနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ခန္တီးမြို့နယ်၊ ချင်းတွင်းမြစ်ကမ်းဘေး ကျောက်စိမ်းလုပ်ကွက်များတွင် မည်သည့်ကုမ္ပဏီများမှ လုပ်ကိုင်ခဲ့ သည်၊ လုပ်ကွက်တစ်ခုချင်းမှ ကျောက်စိမ်းမည်မျှစီရသည်ကို ရာဖြတ်အဖွဲ့၏ မှတ်တမ်းနှင့်တကွ သိလို ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၁ ခုနှစ်မှာ သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ ခန္တီး

ရတနာမြေကို ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း ပေ ၃၀၀ အကွာကနေပြီးတော့ အရှေ့တောင်ဘက် ကချင်ပြည်နယ် နယ်စပ်အထိ ဧကပေါင်း ၆၅၀၀၀ ကို ရတနာမြေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၅-၉-၂၀၁၅ ရက်နေ့မှာ သတ်မှတ်ထားတဲ့ ရတနာမြေအတွင်းမှာ ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၂၀ ကျော် ပါဝင်နေကြောင်း။ ဒါကြောင့်မို့လို့ ချင်းတွင်းမြစ်ကနေ ၅ မိုင်အကွာအတွင်းကို အများပြည်သူ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ချန်လှပ်ပြီး ရတနာမြေကို ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ဖို့ရှိ/မရှိမေးမြန်းခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ကမ်းလှိုင်မှော်၊ ကောင်းမှုမှော်၊ မှန်ပင်မှော်၊ နောင်းလီမှော်၊ လင်းဖာမှော်၊ ဖောင်းဆိုင်းမှော်၊ စိန်နန်းမှော်၊ နန့်ဖီးလင်းမှော်၊ ရွှေမြချောင်းမှော်၊ ကောင်းဟိန်းမှော်နှင့် အရှေ့ကောက်တောင်းမှော်တို့တွင် ကျောက်လုပ်ကွက်ပေါင်း ၅၈၇ ကွက်ကို လျှောက်ထားပါကြောင်း၊ ကျောက်မျက်ရဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုလုပ်ကိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါကြောင်း။ ဒါကြောင့်မို့လို့ ရတနာမြေကို ပြန်လည်ပြင်ဆင်သတ်မှတ်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားခဲ့ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်းလုပ်ကွက်တွေဟာ တစ်ဧကလုပ်ကွက်ကို စက်ယန္တရားတွေသုံးစွဲခွင့်ရရှိပါတယ်။ ရွှေလုပ်ကွက်ကတော့ ဧက ၂၀ မှသာလျှင် စက်ယန္တရားတွေကို သုံးစွဲခွင့်ရှိပါတယ်။ ရွှေလုပ်ကွက်လျှောက်ထားတဲ့နေရာမှာ ယာမြေ၊ စိုက်ပျိုးမြေ၊ သုသာန်မြေတွေကို လျှောက်ထားခွင့်မရှိပါဘူး။ ကျောက်စိမ်းဇရိယာအတွင်းကျရောက်တဲ့မြေတွေမှာတော့ လျှောက်ထားခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောက်စိမ်းအတွင်းမှာကျရောက်နေတဲ့မြေကွက်တွေကို ကုမ္ပဏီများအနေနဲ့ ကျောက်စိမ်းလုပ်ကွက်တွေ လျှောက်ထားပြီး ရွှေတွေတူးနေတယ်ဆိုတာ အများပြည်သူက သိနေပါတယ်။ ဥပဒေအရ ကျောက်စိမ်းတူးရင်း ရွှေထွက်တယ်ဆိုလို့ရှိရင် ရွှေခံမြေကွက်ကို ပြန်ပြီးတော့ လျှောက်ထားရပါတယ်။ အဲဒီအခွင့်အရေးကို အသုံးချပြီး ကျောက်စိမ်းမထွက်တဲ့နေရာမှာ ကျောက်စိမ်းလုပ်ကွက်တွေလျှောက်ထားပြီး ရွှေတူးနေခြင်းဟာ အများပြည်သူအတွက် များစွာနစ်နာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ချင်းတွင်းမြစ်ကနေ ၅ မိုင်အတွင်း ကျောက်စိမ်းလုပ်ကွက် လျှောက်ထားလုပ်ကိုင်နေတဲ့ ကျောက်စိမ်းများ၊ ကုမ္ပဏီများအနေနဲ့ ကျောက်စိမ်းရရှိမှုကို ရာဖြတ်မှတ်တမ်းအဖွဲ့ရဲ့ စာရင်းဇယားနှင့်တကွ သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

29-6-2015(Record)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာ ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေး ကျောက်စိမ်းလုပ်ကွက်များမှာ မည်သည့်ကုမ္ပဏီများမှ လုပ်ကိုင်ခဲ့သည်၊ လုပ်ကွက်တစ်ခုချင်းမှ ကျောက်စိမ်းမည်မျှစီ ရသည်ကို ရာဖြတ်အဖွဲ့ရဲ့ မှတ်တမ်းနှင့်တကွ သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ဖြေကြားချက်ကို Power Point များနဲ့ ပေါင်းစပ်ဖြေကြားခွင့်ပြုပါရန်လည်း ပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးနယ်မြေနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူများရဲ့အကျိုးစီးပွားအတွက် ယခုလိုမေးခွန်းများ မေးမြန်းလာတဲ့အပေါ်မှာ လည်း များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် ကြိုဆိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ် ပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ အစီအစဉ်မှာ ခန္တီးရတနာနယ်မြေနဲ့ပတ်သက်ပြီး ဒေသခံပြည်သူများ စိုက်ပျိုး မြေဖော်ထုတ်ရာမှာ အခက်အခဲများစွာကြုံတွေ့နေရပါသဖြင့် ချင်းတွင်းမြစ်မှ ၅ မိုင်အကွာမှ စတင် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ယခုမေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးလှထွန်းက မေးမြန်းခဲ့တဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး က ဖြေကြားခဲ့ဖူးပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် မေးခွန်းနှင့်ဆက်စပ် နေသည့်အတွက်ကြောင့် ပြန်လည်သတိရစေရန် တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၁၁-၁၀-၂၀၁၁ ရက်နေ့က နေပြီးတော့ ပြုလုပ်တဲ့ အစိုးရအဖွဲ့ရဲ့ (၄၀/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးကနေပြီး သဘောတူ

ညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနသည် ၁၈-၁၀-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၁)နှင့် ခန္တီးရတနာနယ်မြေကို သတ်မှတ်ပေးခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)အရ သတ္တုတွင်းဝန်ကြီးဌာနသည် ခန္တီးရတနာနယ်မြေမှာ ကျောက်စိမ်းများ ဖော်ထုတ်လုပ်ကွက်အသစ်များ လျှောက်ထားနိုင်ကြောင်း ကြေညာချက်(၇/၂၀၀၈)နဲ့ ခေါ်ယူခဲ့ပါ တယ်။ ဒီလိုခေါ်ယူတဲ့အတွက်ကြောင့်မို့လို့ လျှောက်ထားတဲ့လုပ်ကွက်များကို လုပ်ကိုင်ခွင့်ချထားနိုင် ရေးနှင့်ပတ်သက်ပြီး ၂၅-၉-၂၀၁၄ ရက်နေ့မှာ ပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ညောင်တစ်လျှောက်မှော်၊ ကမ်းလှိုင်မှော်၊ ကောင်းမှုမှန်ပင်မှော်၊ နောင်းလီ မှော်၊ လင်းဖာမှော်၊ ဖောင်းဆိုင်းမှော်၊ စိန်နန်းမှော်၊ နန့်ဖီးလင်းမှော်၊ ရွှေမြချောင်းမှော်၊ ကောင်းဟိန်း မှော်နှင့် အရှေ့ကောက်တောင်းမှော်တို့မှာ လျှောက်ထားတဲ့လုပ်ကွက် ၅၈၇ ကွက်ကို အဖွဲ့နဲ့ကွင်းဆင်း စစ်ဆေးပြီး ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်ချထားပေးဖို့ ဆောင်ရွက် ဆဲဖြစ်ပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒီနေရာမှာ အလျှင်းသင့်လို့ တင်ပြချင်တာက လုပ်ပိုင်ခွင့်များချ ထားပေးတဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနတစ်ခုတည်း တစ်ဦးတည်းသဘောအနေနဲ့ လျှောက်ထား ပေးခဲ့ခြင်းမပြုရပါဘူး။ တင်ပြပါလုပ်ကွက်ဟာ ကျေးရွာမြေ၊ စိုက်ပျိုးမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ သစ်တောကြိုးဝိုင်းမြေ စတဲ့ ကင်းလွတ်ရမယ့် အချက်အလက်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးပြီး လွတ်ကင်းတဲ့တိုင်အောင် ဒေသခံ ပြည်သူတွေရဲ့သဘောထား တောင်းခံရပါတယ်။

ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့ လျှောက်ထားခဲ့ကြတဲ့လုပ်ကွက် ၅၈၇ ကွက်အနက်မှာ သတ်မှတ်ချက်များနဲ့ လွတ်ကင်းတဲ့လုပ်ကွက်များကို လုပ်ပိုင်ခွင့်ချထားနိုင်ရေးနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကို ဆက်လက်တောင်းခံခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ကွက် ၃၃၂ ကွက်အတွက်သာ ကန့်ကွက်ရန်မရှိကြောင်း သဘောထားပေးပို့ခဲ့ပေမယ့်လည်း လျှောက်ထားတဲ့ကျောက်မျက်ကုမ္ပဏီများအနေနဲ့ အဆိုပြုငွေ မပေးသွင်းနိုင်ရေးနှင့် အခြားအခက်အခဲများကြောင့် အချို့လုပ်ကွက်တွေကို ရယူခြင်းမရှိကြောင်း ပြန်လည်တင်ပြလာခဲ့ကြပါတယ်။ အဲ့ဒီအတွက်ကြောင့် ကြေညာချက်(၇/၂၀၀၈)နှင့် ခေါ်ယူခဲ့တဲ့ အပေါ်မှာ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက် စုစုပေါင်း ၂၈၀ ကွက်ကိုသာ လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါ

တယ်။ ဒီလိုလုပ်ကိုင်ခွင့်ချထားပေးပေမယ့်လည်း လုပ်ကိုင်ခွင့်ချထားပေးတဲ့လုပ်ကွက် ၂၈၀ ကွက် အနက်မှာ ၆၀ ကွက်က အဆိုပြုငွေပေးသွင်းခြင်းမရှိတဲ့အတွက် အဲဒီ ၆၀ ကွက်ကို ပြန်လည်ပယ်ဖျက်ခဲ့ ရပါတယ်။ နောက်ဆုံး ခွင့်ပြုမိန့်ထုတ်ပေးတဲ့ လုပ်ကွက်အရေအတွက် စုစုပေါင်း ၂၂၀ အတွက် ကျန်ရှိ ပါတယ်။ အဲဒီ ၂၂၀ ကွက်အနက်မှာ ချင်းတွင်းမြစ်နဲ့ ၂ မိုင်ကနေပြီးတော့မှ ၅ မိုင်ကွာဝေးတဲ့ ညောင်တစ်လျှောက်မှော် ဒေသခေါ် (နောင်းလီမှော်)နှင့် နတ်မှော် ဒေသခေါ် (ချောင်းသုံးခွမှော်) ရပ်ကွက်တို့မှာ လုပ်ကွက် ၄၅ ကွက်ရှိပါတယ်။ ချင်းတွင်းမြစ်ဘေးတည်ရှိတဲ့ ညောင်တစ်လျှောက်မှော် နှင့် လင်းဖာမှော်တို့မှာ လုပ်ကွက် ၁၇၅ ကွက်ရှိပြီး အောက်ဖော်ပြပါ ကုမ္ပဏီ ခုနစ်ခုက လုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။ ကုမ္ပဏီများကို Power Point ဖြင့် တင်ပြထားပါတယ်။

အဲဒီကုမ္ပဏီ ခုနစ်ခုကတော့ မင်းထက်ဦးကျောက်မျက်ကုမ္ပဏီက လုပ်ကွက် ၃၀ ကွက်ဖြစ်ပါ တယ်။ သဘာဝရွှေကျောက်မျက်ကုမ္ပဏီက ၃၀ ကွက်ဖြစ်ပါတယ်။ ဇမ္ဗူလွင်ကျောက်မျက် ကုမ္ပဏီက ၃၀ ကွက်ဖြစ်ပါတယ်။ စွမ်းရည်ထက်မြက်ကုမ္ပဏီက ၃၀ ကွက်ဖြစ်ပါတယ်။ ဂရင်းပတ်ကွိုင် ကျောက်မျက်ကုမ္ပဏီက ၁၄ ကွက်ဖြစ်ပြီး သော်တာရွှေစင်ကျောက်မျက်ကုမ္ပဏီက ၁၁ ကွက်ဖြစ်ပါ တယ်။ စန်းသိင်္ဂီကျောက်မျက်ကုမ္ပဏီက ၃၀ ကွက်ဖြစ်ပါတယ်။ စုစုပေါင်း အကွက်ပေါင်း ၁၇၅ ကွက် ဖြစ်ပါတယ်။ တင်ပြပါကုမ္ပဏီ ခုနစ်ခုသည် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ရပ်နားထားရာမှ ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ ၁-၉-၂၀၁၄ ရက်နေ့မှစတင်ပြီး ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီအတွင်း ၎င်းတို့တရားဝင်လုပ်ခွင့်ရလုပ်ကွက်များကို တူးဖော်လုပ်ကိုင်ခဲ့ကြပါတယ်။ သို့ပေမယ့်လည်း ကျောက်စိမ်းရိုင်းထုတ်လုပ်မှုရှိခြင်းနှင့် စက်ယန္တရား၊ လုပ်သားအင်အားများအတွက် ကုန်ကျစရိတ် များပြားခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ် မေလမှာ ဆက်လက်တူးဖော်ခြင်းမပြုတော့ဘဲ ယာယီရပ်နားထား ခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘူမိဗေဒဖြစ်တည်မှု အခြေခံသဘောတရားအရ ကျောက်စိမ်းရိုင်းများကို ပင်မသိုက် တစ်နည်းအားဖြင့် (Primary Deposit)၊ ကြွင်းစုသိုက် (Residual Deposit)နဲ့ ရေဆောင်သိုက် (Secondary Deposit) နေရာ များမှာ တူးဖော်တွေ့ရှိနိုင်ပါတယ်။ ပင်မသိုက်သည် ပင်ရင်းကျောက်စိမ်းအငုတ် တည်ရှိရာနေရာ ဖြစ်ပါတယ်။ ကျွန်းစုသိုက်သည် ရာသီဥတုကြောင့် ပင်ရင်းကျောက်စိမ်းအငုတ်(ပင်မသိုက်) ကျိုးကြေ ပြီး ပင်မသိုက်ရဲ့အနီးအနားမှာ ပြန့်ကျဲစုဖွဲ့ဖြစ်တည်သော သိုက်အမျိုးအစားဖြစ်ပါတယ်။ ရေဆောင်

သိုက် တစ်နည်းအားဖြင့် (Secondary Deposit)သည် ကျိုးကြေသောကျောက်များကို ရေက သယ်ဆောင်ပြီး ပင်မသိုက်နဲ့ဝေးကွာသောနေရာမှာ စုဖွဲ့ဖြစ်တည်သော သိုက်အမျိုးအစားဖြစ်ပါတယ်။ ခန္တီးရတနာနယ်မြေမှာ ကျောက်စိမ်းထွက်ရှိသော ပင်မသိုက်နေရာသည် နတ်မှော်နေရာဖြစ်ပါတယ်။ ပုံမှာလည်း ကျွန်တော် တင်ပြထားပါတယ်။ ပင်မသိုက်တည်ရှိရာ နတ်မှော်မှ ချင်းတွင်းမြစ်ဘေးရှိ ရေဆောင်သိုက်ဖြစ်တည်နိုင်သည်လို့ ယူဆထားတဲ့ ညောင်တစ်လျှောက်မှော်ကို ၁၄ မိုင်ခန့် ဝေးပါတယ်။

ကုမ္ပဏီများအနေနဲ့ ရတနာနယ်မြေအတွင်းမှာရှိတဲ့ ချင်းတွင်းမြစ်ဘေး ပေ ၅၀၀ ဝေးကွာ သော နေရာမှစပြီး ဘူမိဗေဒဖြစ်တည်မှုသဘောတရားအရ ရေဆောင်သိုက်နေရာအဖြစ် ခန့်မှန်ပြီး ကျောက်စိမ်းထုတ်လုပ်နိုင်မယ်လို့ယူဆပြီးတော့ ဖော်ထုတ်လုပ်ကွက်များအဖြစ် လျှောက်ထားတူးဖော်ခဲ့ကြခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ချင်းတွင်းမြစ်ဘေးမှာ ရေဆောင်သိုက် ကျောက်စိမ်းများ စုဖွဲ့မှု မရှိသည်ကို တူးဖော်တဲ့အခါကျမှသာ သိရှိခဲ့ကြရပါတယ်။ သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေနဲ့ စတင်တူးဖော်ချိန်မှ ရပ်နားတဲ့အချိန်အထိ ကျောက်စိမ်းရိုင်းထုတ်လုပ်နိုင်မှုမရှိသေးကြောင်း တွေ့ရပြီး ကျောက်စိမ်းရိုင်းထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် တွင်းဝရတနာခွန်ပေးဆောင်မှုမရှိသေးပါကြောင်းနဲ့ ကျောက်စိမ်းထုတ်လုပ်မှုမရှိသေးတဲ့အတွက်ကြောင့် ရာဖြတ်အဖွဲ့ရဲ့မှတ်တမ်းများလည်း ဖော်ပြရန်မရှိပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ကနေပြီးတော့ စတင်ပြီးတော့ လုပ်ကွက်တွေကို ချထားခဲ့ပါတယ်။ မေလအထိ ဆိုလို့ရှိရင် တစ်နှစ်နီးပါး ကျောက်စိမ်းတွေတူးကြတာဖြစ်ပါတယ်။ သို့ရာတွင် ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ တွင်းဝရတနာခွန်ပေးဆောင်မှုမရှိသေးပါကြောင်းလို့ ဖြေကြားသွားပါတယ်။ ကျောက်စိမ်းမထွက်တဲ့အတွက်ကြောင့်မို့လို့ အခွန်မဆောင်ဘူးဆိုတဲ့သဘောဖြစ်နေပါတယ်။ ဒါဆိုရင် ချင်းတွင်းမြစ် မြစ်ကမ်းဘေးကနေပြီးတော့ ၅ မိုင်အတွင်း ဆက်လက်ပြီးတော့ ကျောက်စိမ်းလုပ်ကွက်တွေကိုချထားဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လတ်တလောအနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက ဒီမြေနေရာတွေကို နေရာချထားမှုမရှိသေးပါဘူး။ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်များမှာ ကျောက်စိမ်းဖြစ်တည်မှုအပေါ်မှာ ပြောင်းလဲမှုရှိလာရင်တော့ လျှောက်ထားလုပ်ကွက်များရှိလာလို့ရှိရင် ကျွန်တော်တို့ စဉ်းစားပေးမှာဖြစ်တဲ့အကြောင်း လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု ၍ ပေးပို့လာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ဖြစ်သော ၁၉-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၆-၂၀၁၅ ရက်နေ့နောက်ဆုံး ထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ် ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိ တဲ့အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ဖြစ်သော ၂၂-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၆-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က တင်သွင်းသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က တင်သွင်းသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဖြစ်သော ၁၀-၃-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားကိုရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၈၄ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်က တင်သွင်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၀-၅-၂၀၁၅ ရက်နေ့၊ ၂၂-၅-၂၀၁၅ ရက်နေ့၊ ၁-၆-၂၀၁၅ ရက်နေ့၊ ၅-၆-၂၀၁၅ ရက်နေ့၊ ၆-၆-၂၀၁၅ ရက်နေ့၊ ၈-၆-၂၀၁၅ ရက်နေ့၊ ၁၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၅-၆-၂၀၁၅ ရက်နေ့များတွင် ဆွေးနွေးရန် ပြင်ဆင်ချက်

အဆိုများ တင်သွင်းလာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးစိုးဝင်း(စမ်းချောင်း မဲဆန္ဒနယ်)၊ ကျွန်းစုမဲဆန္ဒနယ်က ဒေါ်တင်တင်ရီ၊ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်၊ တံတားဦး မဲဆန္ဒနယ်က ဒေါ်ခင်သန္တာ၊ လမ်းမတော်မဲဆန္ဒနယ်က ဦးခင်မောင်ဝင်းတို့နဲ့အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ MLAW (Myanmar Legal Aid Network) နှင့် SEALAW (South East Asia Legal Aid Network)အဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံ၍ပြင်ဆင်ရန်တင်ပြချက် ၁၈၄ ချက်တို့မှာ စာမျက်နှာ ၁ နှင့် စာမျက်နှာ ၂ အမှတ်စဉ် ၁ မှ ၄ အထိ ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)။ စာမျက်နှာ ၃ အမှတ်စဉ် ၅ မှ အမှတ်စဉ် ၈ အထိ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ ၂ အပိုဒ်ခွဲ(ဆ)။ စာမျက်နှာ ၄ အမှတ်စဉ် ၉ မှ ၁၃ အထိ အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)နှင့် အပိုဒ်ခွဲ(ဌ)။ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၅ အမှတ်စဉ် ၁၄ မှ ၁၉ အထိ အပိုဒ် ၃ မှ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)။ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ မှ ၂၄ အထိ အပိုဒ် ၃ အပိုဒ်ခွဲ (စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄ အပိုဒ် ခွဲ(က)။ စာမျက်နှာ ၇ အမှတ်စဉ် ၂၅ မှ ၃၁ အထိ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၈ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၃၂ မှ ၃၈ အထိ အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(ဋ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၅ စာချိုး၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၉ အမှတ်စဉ် ၃၉ မှ ၄၃ အထိ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(င)။ စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ မှ ၄၉ ထိ အပိုဒ် ၅ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ

(ဈ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ည)။ စာမျက်နှာ ၁၁ အမှတ်စဉ် ၅၀ မှ ၅၄ အထိ အသစ်ဖြည့်စွက်ချက် အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆ စာချိုး၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)။ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၅ မှ ၅၇ အထိ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(င)။ စာမျက်နှာ ၁၃ အမှတ်စဉ် ၅၈ မှ ၆၃ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(စ) ၊ အပိုဒ် ၁၅ အသစ်ဖြည့်စွက်ချက် အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)။ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၄ မှ ၆၈ အထိ အပိုဒ် ၁၈၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၉။ အပိုဒ် ၂၀၊ အပိုဒ် ၇။ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၉ မှ ၇၄ အထိ အပိုဒ် ၆ စာချိုး၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)။ စာမျက်နှာ ၁၆ အမှတ်စဉ် ၇၅ မှ ၇၉ အထိ အပိုဒ် ၆ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဇ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ည)။ စာမျက်နှာ ၁၇ အမှတ်စဉ် ၈၀ မှ ၈၄ အထိ အပိုဒ် ၆ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ)၊ အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၁၄ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၅)ခေါင်းစဉ်။ စာမျက်နှာ ၁၈ အမှတ်စဉ် ၈၅ မှ ၈၉ အထိ အပိုဒ် ၈ စာချိုး၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(င)။ စာမျက်နှာ ၁၉ အမှတ်စဉ် ၉၀ မှ ၉၃ အထိ အပိုဒ် ၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဇ)။ စာမျက်နှာ ၂၀ အမှတ်စဉ် ၉၄ မှ ၉၇ အထိ အပိုဒ် ၉ စာချိုး၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ခ)။ စာမျက်နှာ ၂၁ အမှတ်စဉ် ၉၉ မှ ၁၀၂ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(င)၊ အခန်း(၆) ခေါင်းစဉ်။ စာမျက်နှာ ၂၂ အမှတ်စဉ် ၁၀၃ မှ ၁၀၅ အထိ အပိုဒ် ၁၀၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၂၃ အမှတ်စဉ် ၁၀၆ မှ ၁၀၉ အထိ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၂၄ အမှတ်စဉ် ၁၁၀ မှ ၁၁၃ အထိ အပိုဒ် ၁၁ စာချိုး၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(င)။ စာမျက်နှာ ၂၅ အမှတ်စဉ် ၁၁၄ မှ ၁၁၇ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ်

၁၁ အပိုဒ် ခွဲ(ဃ)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ (စ)။ စာမျက်နှာ ၂၆ အမှတ်စဉ် ၁၁၉၊ ၁၂၀ နှင့် ၁၂၂ အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၂ စာချိုး၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၂၇ အမှတ်စဉ် ၁၂၄ မှ ၁၂၇ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၂၈ အမှတ်စဉ် ၁၂၈ မှ ၁၃၂ အထိ အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၁၃ စာချိုး၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အသစ် ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)။ စာမျက်နှာ ၂၉ အမှတ်စဉ် ၁၃၃၊ ၁၃၅ မှ ၁၃၇ အထိ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)။ စာမျက်နှာ ၃၀ နှင့် ၃၂ အမှတ်စဉ် ၁၃၈ မှ ၁၅၁ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဇ)၊ အသစ်ဖြည့်စွက်ချက် အခန်း(၁၀) ခေါင်းစဉ်၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၁၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၂၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၃၊ အသစ်ဖြည့်စွက်ချက် အခန်း(၁၁) ခေါင်းစဉ်၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၄၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၇၊ အခန်း(၁၂)ခေါင်းစဉ်၊ အပိုဒ် ၂၈ စာချိုး၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)။ စာမျက်နှာ ၃၃ အမှတ်စဉ် ၁၅၂ မှ ၁၅၆ အထိ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၈ အပိုဒ်ခွဲ(ဃ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၁ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း။ စာမျက်နှာ ၃၄ အမှတ်စဉ် ၁၅၇ မှ ၁၆၂ အထိ အပိုဒ် ၂၉ စာချိုး၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၀ စာချိုး၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲ(ခ)။ စာမျက်နှာ ၃၅ အမှတ်စဉ် ၁၆၃ မှ ၁၆၇ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၀ အပိုဒ်ခွဲ(ဂ)၊ အဆိုပြုပြင်ဆင်ချက် အခန်း(၉) ခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၂၊ အပိုဒ် ၄၂။ စာမျက်နှာ ၃၆ အမှတ်စဉ် ၁၆၈ မှ ၁၇၁ အထိ အပိုဒ် ၃၃၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၇ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ နှင့် အပိုဒ် ၄၃။ စာမျက်နှာ ၃၇ အမှတ်စဉ် ၁၇၃ မှ ၁၇၆ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အသစ်ဖြည့်စွက်ချက် အခန်း(၁၃) ခေါင်းစဉ်၊ အသစ်ဖြည့် စွက်ချက် အပိုဒ် ၃၇။ စာမျက်နှာ ၃၈ နှင့် ၄၀ အမှတ်စဉ် ၁၇၇ မှ ၁၈၆ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၀၊ အခန်း(၁၄) ခေါင်းစဉ်၊ အပိုဒ် ၄၁၊ အခန်း(၁၃)ခေါင်းစဉ်၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ခွဲ(ခ)၊ အပိုဒ် ၃၉ စာချိုး၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ)၊

အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၆။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄၁ အမှတ်စဉ် ၁၈၇ မှ ၁၈၉ အထိ အပိုဒ် ၄၇၊ အပိုဒ် ၄၈ နှင့် အပိုဒ် ၄၉။ စာမျက်နှာ ၄၂ အမှတ်စဉ် ၁၉၁ အပိုဒ် ၅၁ တို့အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၈၄ ချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပြင်ဆင်ရန်အဆိုပြုချက်များနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒီအပိုင်းမှာ တစ်ချက်ပဲတင်ပြစရာရှိပါတယ်။ အဲဒါကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁၄ ဖြစ်ပါတယ်။ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၈ အပိုဒ် ၁၃ မှာ မူလအဆိုပြုထားတာကတော့ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက ၃ ဦးထက်မပိုသော ဥပဒေအကြံပေး အဖွဲ့အားခန့်ထားနိုင်ပြီး ထိုပုဂ္ဂိုလ်များအား အစည်းအဝေးတက်ရောက်ခွင့်ပြုနိုင်သော်လည်း မဲပေးခွင့် မပြုရဆိုပြီးတော့ အဲဒါကိုတော့ ပြင်ဆင်ရန်အဆိုပြုချက်မှာကတော့ အကြံပေးပုဂ္ဂိုလ်များလို့ ပြင်ပါ တယ်။ ဥပဒေအကြံပေးအဖွဲ့အစားကို။ ဒီဟာနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ဥပဒေကြမ်း ကော်မတီမှာလည်း ကျွန်တော်တို့ရဲ့ သဘောထားကို တင်ပြခဲ့တာရှိပါတယ်။ ဒါကို ကျွန်တော် ထပ်လောင်းတင်ပြရရင်တော့ ဒီ Legal Aid ဥပဒေကို ပြဋ္ဌာန်းရတဲ့ရည်ရွယ်ချက်ကတော့ ဆင်းရဲ နွမ်းပါးပြီးတော့ ပြစ်မှုကျူးလွန်ခံရတဲ့လူတွေအပေါ်မှာ တတ်နိုင်သမျှနဲ့ မြန်မြန်ပေးနိုင်ဖို့ဖြစ်တဲ့ အတွက်ကြောင့်မို့ ကျွန်တော်တို့က ဒီအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ ဖွဲ့စည်းမှုတွေကိုလည်း ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်းပေးဖို့ ကျွန်တော်တို့ အကြံပြုခဲ့တာရှိပါတယ်။ ဒီအပိုင်းမှာလည်း စာမျက်နှာ ၁၃ ရဲ့ ဥပဒေအကြံပေးအဖွဲ့ကိုလည်း ကျွန်တော်စဉ်းစားတဲ့အခါကျတော့ ဒီအဖွဲ့ဟာ ဥပဒေပညာရှင်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဥပဒေပညာရှင်များကို ဥပဒေအကြံပေးမယ့်ပုဂ္ဂိုလ် မလိုအပ်ပါဘူးလို့ ပထမပြောကြားလိုပါတယ်။ ဒုတိယအချက်ကတော့ ဒီအဖွဲ့ထဲပါတဲ့လူတွေကို ပညာရှင်အဖွဲ့ကို ထပ်ဖွဲ့မယ်ဆိုရင် စရိတ်စကတွေများမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအဖွဲ့မပါဘ နဲ့လည်း အလုပ်ဖြစ်နိုင်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ဒီအကြံပေးအဖွဲ့ဖွဲ့စည်းခြင်းကိုတော့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားအနေနဲ့ကတော့ ထည့်သွင်းဖို့မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားကို ပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ခုနက တရားလွှတ်တော်ချုပ် တရားသူကြီးတင်ပြတဲ့အချက်ဟာ ဥပဒေကြမ်းကော်မတီအစည်းအဝေးမှာ ဒါလေး ကျွန်တော်တို့လည်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့မှာ ဒီ ၃ ဦးထက်မပိုတဲ့အကြံပေးပုဂ္ဂိုလ်တွေ ထပ်ပြီးတော့ခန့်ထားနိုင်ကြောင်းဖော်ပြတဲ့ အချက်မှာ ဥက္ကဋ္ဌအဖြစ် ထင်ပေါ်ကျော်ကြားတဲ့ ဥပဒေပညာရှင်လည်းပါတယ်။ နောက်တရား လွှတ်တော်ချုပ်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် ဝန်ကြီးဌာနတွေက ညွှန်ကြားရေးမှူးချုပ်နဲ့ အထက် ပုဂ္ဂိုလ်တွေကိုလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားတယ်။ နောက် တရားလွှတ်တော် ရှေ့နေများကောင်စီက ဝါရင့်ရှေ့နေကလည်း အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားတာဖြစ်တဲ့ အတွက်ကြောင့် ဒီဥပဒေပညာရှင်များ အများအပြားပါဝင်တဲ့အဖွဲ့မှာ ထပ်ပြီးတော့ အကြံပေးအဖွဲ့ ထပ်ဖွဲ့ရန်သင့်/မသင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအစည်းအဝေးတုန်းကလည်း ဆွေးနွေး တင်ပြခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်ကိုတော့ ကျွန်တော်တို့တော့ ထည့်ရန်မလိုဘူးလို့ ယူဆပါတယ်။ ဒါကြောင့် လွှတ်တော်အနေနဲ့ စဉ်းစားပေးနိုင်ပါရန် ကျွန်တော်တင်ပြအပ်ပါတယ်။ နောက် စာမျက်နှာ ၁၅ အမှတ်စဉ် ၇၁ အပိုဒ်ခွဲ(ခ)မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်းလို့ ဖော်ပြထားချက်အရ ဒီပြစ်မှုတွေကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့က သီးခြားအမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်သတ်မှတ်မှာဖြစ်ပါတယ်။ ဒီအချက်နဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများသိရှိအောင် တင်ပြထားခြင်းဖြစ်ပါ တယ်။ ဒီမှာတော့ ဥပဒေမှာ ဒီတင်ပြတဲ့အချက်ကို ကျွန်တော်တို့လည်း သဘောတူပါတယ်။ ဒီပြဋ္ဌာန်းထားတဲ့အချက်ကို သဘောတူပါတယ်။ သို့ရာတွင် ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေမှာ သေဒဏ်ကျခံရနိုင်တဲ့ တရားခံတွေအတွက် ရှေ့နေငှားရမ်းပေးဖို့ ပြဋ္ဌာန်းထားရှိပြီးတော့

လက်ရှိခရိုင်ဥပဒေရုံးတွေကနေပြီးတော့ တရားခံတွေအတွက် နိုင်ငံတော်စရိတ်နဲ့ ကျွန်တော်တို့ရှေ့နေငှားပေးနေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်တဲ့အခါမှာတော့ လက်ရှိပြည်ထောင်စုရှေ့နေချုပ်ဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့ သေဒဏ်ကျခံရနိုင်တဲ့အမှုတွေ အကျုံးဝင်မှုရှိ/မရှိ ထုတ်ပြန်ဖို့ အဲဒီအချိန်မှာတော့ ထည့်သွင်းစဉ်းစားဖို့လိုအပ်မှာဖြစ်ပါတယ်။ အဲဒီမှာ သေဒဏ်ကျခံရနိုင်တဲ့အမှုတွေဟာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေမှာ အကျုံးဝင်သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ ဥပဒေကို ပြင်ဆင်ရမှာဖြစ်ကြောင်း ကြိုတင်ပြီးတော့ ကျွန်တော်တင်ပြအပ်ပါတယ်။ ဒီဥပဒေမှာတော့ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ရန်မလိုပါဘူး။ ကျွန်တော်တို့လည်း သဘောတူကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ တင်ပြစရာရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အချက်(၁)ချက်ပဲ တင်ပြဖို့ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ဆီမှာ ၂၃-၂-၂၀၁၅ ရက်နေ့က ပေးပို့ထားတဲ့ ဒီဥပဒေကြမ်းပေါ်မူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကလည်း အသုံးအနှုန်းပေါ်မှာမူတည်ပြီးတော့ တင်ပြရတာဖြစ်ပါတယ်။ ဒီဥပဒေကြမ်း အခန်း(၁၀) ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)မှာပါတဲ့ အကျဉ်းထောင်၊ အချုပ်စခန်း သို့မဟုတ် ရဲဘက်စခန်းများသို့ အပို့ခံရသဖြင့် ၎င်းတို့ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက်လို့ ဖော်ပြထားပါတယ်။ အခုအခါမှာတော့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အကျဉ်းသားများကို ပြစ်ဒဏ်ပေးတဲ့သဘောမဟုတ်ဘဲနဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေ ပြုပြင်ပြောင်းလဲပေးရန် ဆောင်ရွက်နေတဲ့အချိန်ဖြစ်တဲ့အတွက်ကြောင့် ဒီရဲဘက်စခန်းဆိုတဲ့အသုံးအနှုန်းကို ပယ်ဖျက်ပြီးတော့မှ စိုက်ပျိုးမွေးမြူရေးနဲ့အသက်မွေးမှု အတတ်သင် စခန်းများလို့ ပြင်ဆင်ခေါ်ဝေါ်သုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့် ဒီဖော်ပြချက်မှာ အကျဉ်းထောင်၊ အချုပ်စခန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးနဲ့ အသက်မွေးမှုအတတ်သင်စခန်းများသို့ ပြောင်းရွှေ့တဲ့အခါမှာ ၎င်းတို့ရဲ့ဥပဒေနဲ့အညီ ရပိုင်ခွင့်များ

အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းလို့ ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထား ပြန်လည်တင်ပြပေးပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တရားလွှတ်တော်ချုပ်ဘက်ကတင်ပြလာတဲ့ အကြံပေးအဖွဲ့ခန့်ထားနိုင်သည်ဆိုတာ ကျွန်တော်တို့ အသေးစိတ်ဆွေးနွေးတဲ့အချိန်မှာလည်း သေချာဆွေးနွေးပြီးသားပါ။ ဥပဒေပညာရှင်တွေကို ဥပဒေအကြံပေးခန့်ရမယ်လို့ မဆိုလိုပါဘူး။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အခုမှစတင်ပြီးလုပ်ဆောင်တာဖြစ်တဲ့အတွက် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ပြည်ထောင်စုအဆင့်ဘုတ်အဖွဲ့က လိုအပ်လို့ရှိရင် အကြံပေးတဲ့ပုဂ္ဂိုလ်ကို ခန့်ထားနိုင်တယ်ဆိုပြီးတော့ ပြည်ထောင်စုဘုတ်အဖွဲ့ကို အခွင့်အာဏာပေးထားခြင်းဖြစ်ပါတယ်။ ဥပဒေပညာရှင်တွေကို ဥပဒေအကြံပေးခန့်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ အဲဒါကို သေချာညှိနှိုင်းပြင်ဆင်ပြီး ရေးထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက စိစစ်ချက်အတိုင်း အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ နောက်တစ်ခု ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်ပြတဲ့ကိစ္စမှာလည်း လိုအပ်လာလို့ရှိရင် ရှေ့နေချုပ်ရုံးကနေ သေဒဏ်ပေးတဲ့ကိစ္စတွေမှာ အခမဲ့ရှေ့နေလိုက်ခြင်းကိစ္စတွေအတွက် ဆက်စပ်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကနေ အမိန့်ကြော်ငြာတွေ၊ ဥပဒေအထောက်အကူပြုရေးကိစ္စတွေအတွက် ထုတ်ပေးရမယ့်အမိန့်ကြော်ငြာစာတွေ၊ ဥပဒေတွေမှာ သက်ဆိုင်ရာဌာနတွေကလည်း ပညာရှင်များဖြစ်တဲ့အတွက် ညှိနှိုင်းပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကတင်ပြတဲ့ အသုံးအနှုန်းပြောင်းတဲ့ကိစ္စကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောတူတယ်ဆိုရင် ပုဒ်မ ဘယ်လောက်လဲမသိဘူး။ ဘယ်လိုပြင်ဆင်တာလဲ ဖတ်ပေးဖို့။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၅၉ ပုဒ်မ ၂၉ ရဲ့ ပုဒ်မခွဲ(ခ) ရဲဘက်စခန်းဆိုတာပါခင်ဗျ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဇယားကွက်ကိုပြောပေးပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဇယားရဲ့စာမျက်နှာ ၃၄ အမှတ်စဉ် ၁၅၉။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရပါပြီ။ ပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရဲဘက်စခန်းဆိုတဲ့ အသုံးအနှုန်းကို စောစောကပြည်ထဲရေးဝန်ကြီးဌာနက တင်ပြတဲ့အသုံးအနှုန်းအတိုင်း ကျွန်တော်တို့ လက်ခံပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဘယ်လိုသုံးနှုန်းသွားသလဲ။ ဒီမှာ ရေးထား တာရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်မှာ ဥပဒေကြမ်းကော်မတီရဲ့ (ခ)မှာ အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် ရဲဘက်စခန်းများသို့အပို့ခံရသူများ ရထိုက်သည့်သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေ အဆိုင်ရာအထောက်အကူပေးရမည်ဆိုတဲ့အပိုဒ်လား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ခင်ဗျ။ ကျွန်တော်ပြင်မှာက အကျဉ်းထောင်၊ အချုပ်စခန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးနဲ့ အသက်မွေးမှု အတတ်သင်စခန်းများသို့ ပြောင်းရွှေ့သောအခါ ၎င်းတို့၏ဥပဒေနဲ့အညီ ရပိုင်ခွင့်များအတွက် ဥပဒေ ဆိုင်ရာအထောက်အကူပေးခြင်းလို့ ပြင်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ရလား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ ပြင်ဆင်ချက်(၁၈၄)ချက်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်၊ ဒီထဲမှာမှ ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားလည်း ရခဲ့ပါတယ်။ အဲဒီသဘောထားကတော့ ကျွန်တော်တို့အနေနဲ့ ဥပဒေကြမ်းကော်မတီကတော့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်းပဲ ရပ်တည်ဖို့ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ တင်ပြချက် စကားအသုံးအနှုန်းတွေကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့တင်ပြချက် အတိုင်းပဲ ဥပဒေကြမ်းကော်မတီက လက်ခံပြီးတော့ ပြင်ဆင်ပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ(၁၈၄)ချက် တင်ပြသွားတဲ့အနက်မှာ ကျန်တဲ့ (၁၈၃)ချက်က ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်

နဲ့ နောက်ကျန်တဲ့ ခုနက ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ တင်ပြချက်(၁)ချက်ကိုလည်း ဥပဒေကြမ်းကော်မတီက သဘောတူပြီးပြင်ဆင်ပြီးသားဖြစ်တဲ့အတွက် အားလုံးပေါင်းရင် (၁၈၄)ချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက တင်ပြလိုက်တဲ့ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ခုနက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၁၈၄)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူပဲ ကျွန်တော် မေးလိုက်တော့မယ် ဆရာမကြီး။ သဘောမတူရင် မတူကြောင်းပါပဲ။ ဟုတ်ကဲ့။ သဘောမတူဘူးလားပဲ။ အကြောင်းတော့မပြောပါနဲ့တော့ ဆရာမကြီး။ သဘောတူတယ်၊ မတူဘူးပဲ ကျွန်တော်တို့ ပြောဖို့ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ သဘောမတူဘူးဆိုရင်တော့လည်း မတ်တတ်ရပ်ပါ။ သဘောတူတယ်ဆို ရင်လည်း ပြန်ထိုင်ပေးလိုက်ပါ။ အခုဟာက ဥပဒေကိုပြင်မှာလား။ စာလုံးအရေးအသားကို ပြင်မှာ လားခင်ဗျ။ ဥပဒေပြင်မှာဆိုရင်တော့ နဂိုမူလကတည်းက ကျွန်တော်တို့ တင်သွင်းဖို့တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ မပါဘဲနဲ့ အခုမှတော့ ဥပဒေပြင်ဖို့အတွက်ဆိုရင်တော့ ကျွန်တော် ခွင့်ပြုလို့ မရတော့ပါဘူးခင်ဗျ။ ဒါကြောင့်မို့လို့ ကျွန်တော်မေးတဲ့ သဘောတူတာနဲ့မတူတာ နှစ်မျိုးပဲရှိပါတယ်။ သဘောတူတယ်လို့ အားလုံးကဖြေထားပြီးပြီ။ သဘောမတူတဲ့သူမှာ ဆရာမ ဒေါ်တင်နွယ်ဦးထရပ်တဲ့ အတွက် သဘောမတူဘူးဆိုရင်တော့ ရပ်ပါ။ သဘောတူတယ်ဆိုရင်တော့လည်း ပြန်ထိုင်ပေးပါ။ ဒါကြောင့် သဘောမတူဘူးလို့ပဲ ကျွန်တော်ယူဆလိုက်ပါမယ်။ မတ်တတ်ရပ်တဲ့အတွက်။ ကျန်တဲ့ သဘောမတူတဲ့သူရှိရင် မတ်တတ်ရပ်ပါ။ ဒါဆိုရင် သဘောမတူတဲ့သူက ဒေါ်တင်နွယ်ဦး တစ်ယောက် တည်းလို့ပဲ ကျွန်တော်မှတ်ယူလိုက်ပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့လူ တစ်ဦးပဲရှိပါတယ်။ ဒါကြောင့်မို့လို့ သဘောတူ တဲ့လူများတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင် ချက်(၁၈၄)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ နှစ်ဦးရှိပါတယ်။ အဲဒီ နှစ်ဦးအနက်ကမှ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြင်ဆင်ချက် လေးချက်ကို တင်သွင်းထားပါတယ်။ အဲဒီ ပြင်ဆင်ချက် လေးချက်ထဲကမှ စာမျက်နှာ ၂၀ အမှတ်စဉ် ၉၈ ပြင်ဆင်ချက်ကို တင်သွင်းဖို့ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဒီဥပဒေရဲ့ ကန့်လန့်ဖြတ်ဇယားမှာ စာမျက်နှာ ၂၀ အမှတ်စဉ် ၉၈ အခန်း(၅) အပိုဒ် ၁၆ မှာ အပိုဒ်ခွဲ(ဃ)ကို ကျွန်မအနေနဲ့ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်သွားမှာဖြစ်ပါတယ်။ မူလ အပိုဒ်ခွဲ(ဃ)ရဲ့ ဖော်ပြချက်ကတော့ မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များအား ထောက်ပံ့ကြေးများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဟု ဖော်ပြထားပြီး ကျွန်မအနေနဲ့ အပိုဒ်ခွဲ(စ)အဖြစ် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ပြင်ဆင်ချင်တဲ့အကြောင်းပြချက်ကတော့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုကျယ်ပြန့်စွာအကူညီပေးနိုင်ရန်အတွက် ရည်ရွယ်ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ချီးမြှင့်ငွေနှင့် စရိတ်များလို့ ကျွန်မအနေနဲ့ ပြောင်းလဲခြင်းဟာ ထောက်ပံ့ကြေးဆိုတဲ့စကားရပ်အစား ချီးမြှင့်ငွေနှင့်စရိတ်များဟု ပြောင်းလဲပြဋ္ဌာန်းခြင်းက ပိုမိုပြီးသင့်တော်တဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မရဲ့ပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြင်ဆင်ပေးနိုင်ပါရန်အတွက် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဒေါ်ခင်စန်းလှိုင် တင်ပြတဲ့ ပြင်ဆင်ချက်ဥပဒေများပြင်ဆင်ရန်ကိစ္စကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားကိုပြောပါခင်ဗျာ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ကျွန်တော်တို့ ဒီဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့်ဆိုတာမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများနှင့် အဲလိုလေး ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းတွေက သူ့ဟာသူ လစာရပြီးသားဖြစ်တော့ ဒါလေးတစ်ခါတည်း ရှင်းလင်းအောင် ဖြည့်ထားလိုက်ရင် သင့်မြတ်မလားလို့ တင်ပြအပ်ပါတယ်။ ဥပဒေများပြင်ဆင်ရန် ကိစ္စကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားလေးပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့ပြင်ဆင်ချက်ကို သဘောတူပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဒါဆိုရင် အခုနက တင်ပြတဲ့အချက်ကို ဒေါ်ခင်စန်းလှိုင်ရဲ့သဘောထားလေး ပြန်လည်ပြောပြပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ ကျွန်မတို့က ဒီနေရာမှာ ဥပဒေအထောက်အကူပေးသူများသက်သက်အတွက်ကိုသာပဲ ရည်ရွယ်ပါတယ်။ ကျွန်မတို့က နိုင်ငံ့ဝန်ထမ်းတွေလည်း ဒီထဲမှာ မပါဝင်ပါဘူး။ အဲဒီတော့ အထောက်အကူပေးတဲ့သူများအတွက် သက်သက်သာရည်ရွယ်တဲ့အတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားရပ်က ဒီနေရာမှာတော့ ထည့်သွင်းဖို့ရာမလိုတော့ဘူးလို့ ကျွန်မတို့ ဒီလိုပဲနားလည်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှေ့နေချုပ်ရုံးက ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်ကြီးက ရှင်းရှင်းလင်းလင်းဖြစ်အောင်လို့ပြောတဲ့အတွက် ဒီစကားကိုထည့်သင့်၊ မထည့်သင့် ဥပဒေကြမ်း ကော်မတီရဲ့သဘောထားကို ပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေဆိုင်ရာအထောက် အကူပေးရေးအဖွဲ့အတွက် ချီးမြှင့်ငွေနှင့် စရိတ်တွေပေးတာဖြစ်တဲ့အတွက် ဒီမှာလည်းရှင်းပြီးသား ဖြစ်ပါတယ်ခင်ဗျာ။ ဒါကြောင့်မို့လို့ ဒီအတိုင်းပဲ အတည်ပြုပေးပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ကာယကံရှင်ကရော၊ ဥပဒေကြမ်းကော်မတီကရော ဒီသဘောထားအတိုင်း အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းမှာပါတဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့တင်ပြချက်ဖြစ်တဲ့ အပိုဒ်ခွဲ(စ)ကို အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့ အပိုဒ်ခွဲ(စ)ပါ ပြင်ဆင်ချက်များဟာ ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ နောက်ထပ်အသစ်ဖြည့်စွက်ချက်အနေနဲ့ စာမျက်နှာ ၂၆ အမှတ်စဉ် ၁၁၈ ဖြစ်ပါတယ်။ ဖြည့်စွက်ချက်ကို တင်ဖို့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါ တယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အနေနဲ့ စာမျက်နှာ ၂၆ အမှတ်စဉ် ၁၁၈ မှာ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ကျွန်မရဲ့ ဖြည့်စွက်ချက် ကတော့ ပုဒ်မ ၁၁ အပိုဒ်ခွဲ(ဆ) မိမိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် မိမိခရိုင်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ် ပါတယ်။ ကျွန်မအနေနဲ့ အသစ်ဖြည့်စွက်ရခြင်းအကြောင်းရင်းကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းမှာရှိတဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များအားလုံးကို အကျုံးဝင်စေရန်အတွက်နဲ့ ပိုမိုပြည့်စုံစွာဖော်ပြနိုင်ရန် ရည်ရွယ်တဲ့အတွက် ကျွန်မရဲ့ပြင်ဆင်ချက်ကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြင်ဆင်ပေးနိုင်ပါရန် ကျွန်မရဲ့အသစ်ဖြည့်စွက်ချက်ကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောကိုပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကလည်း ရှေ့မှာ အခုနက ဆွေးနွေးသွားတဲ့အပိုဒ် ၉ နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ အပိုဒ် ၉ ကို သဘောတူလို့ရှိရင်လည်း ဒီအပိုဒ် ၁၀ ဟာလည်း ဒီတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ခရိုင်ရုံးတွေရဲ့ ချီးမြှင့်ငွေနှင့် စရိတ်များ ရရှိရေးဖြစ်တဲ့အတွက် သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားကိုပြောပါခင်ဗျာ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကလည်းပဲ ဒေါ်ခင်စန်းလှိုင်ရဲ့အသစ်ဖြည့်စွက်ချက်ကို သဘောတူထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင် တင်သွင်းတဲ့ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)အသစ်ဖြည့်စွက်ချက်ကို အတည်ပြုပေးရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)အဖြစ်

အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ** ။ ။ ကန့်လန့်ဖြတ်ဇယား ၂၆ စာမျက်နှာဖြစ်ပါတယ်။ ကျွန်တော်တို့ စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်းတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ မှာလည်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်ဒီမှာ ပြင်ဆင်ချင်တဲ့ အပိုဒ်အနေနဲ့ဆိုတာ ကလည်း အခန်း(၇) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အနေနဲ့ ပုဒ်မခွဲ(က)မှာ မူလပြဋ္ဌာန်းချက်က မြို့နယ် အတွင်းအများယုံကြည်လေးစားပြီး ဥပဒေပညာတတ်ကျွမ်းသူ တစ်ဦးဆိုတဲ့နေရာမှာ ကျွန်တော်က အခန်း ၄ မှာဖွဲ့စည်တုန်းက အခန်း(၄)မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုတဲ့ဟာမှာ ပုဒ်မ ၅ ပုဒ်မခွဲ(က)မှာ အဲဒီမှာဘယ်လိုပြောထားလဲဆိုတော့ အများကယုံကြည် လေးစားပြီး ဂုဏ်သတင်းရှိသောဆိုပြီးတော့ ပြည်ထောင်စုအဆင့်မှာလည်း ထည့်ထားတဲ့အတွက် ဒါနဲ့ပဲလျော်ညီအောင် မြို့နယ်ထဲမှာလည်း ကျွန်တော်တို့က အများယုံကြည်လေးစားပြီး ဂုဏ်သတင်း ရှိသောဆိုတဲ့ ကျွန်တော်အပိုဒ်လေးကို ထပ်ဖြည့်ပြီးကျတော့ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒါအားလုံးက လည်း ကျွန်တော်တို့ သဘောတူထားပြီးပါပြီ။ လေးစားပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ တင်ပြတဲ့ ကျွန်တော့်ရဲ့ပြင်ဆင်ချက်ကို လွှတ်တော်က အသိအမှတ်ပြုပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီ ရဲ့သဘောထားရော။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဌာနအသီးသီးနဲ့ ဥပဒေကြမ်းကော်မတီကလည်း သဘောတူ ထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာ

အထောက်အကူပေးဥပဒေနှင့်စပ်လျဉ်းပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(က)အား ဦးစိုးဝင်းရဲ့ပြင်ဆင်ချက်များအတိုင်း ဒီဥပဒေကြမ်းရဲ့ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စာမျက်နှာ ၂၇ အမှတ်စဉ် ၁၂၃ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မြို့နယ် ဥပဒေအဆိုင်ရာအထောက်အကူပြုရေးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ အခန်းမှာ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အနေနဲ့ ကျွန်တော်ထပ်မံဖြည့်စွက်ပြီးတော့ အသစ်ဖြည့် စွက်တဲ့အပိုဒ် အနေနဲ့ သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆိုပြီးတော့ ကျွန်တော်က ပြင်ဆင်၊ အသစ်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ထားရခြင်းကလည်း ကျွန်တော်တို့ မြို့နယ်တွေမှာ ဒီနစ်နာချက်တွေနဲ့ပတ်သက်လို့ ဥပဒေဆိုင်ရာအထောက် အကူပြုရေးကို ပြည်သူကနေတင်ပြလာတာက သူတို့အားကိုးတကြီးနဲ့ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေဆီကို ပထမဆုံးတင်ပြလာတာများပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီအထောက်အကူပြုအဖွဲ့မှာလည်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ယောက်ယောက်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဒီမှာပါဝင်သင့်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့ခံယူချက်နဲ့ ဒီအပိုဒ်ကို ကျွန်တော်အခုလို ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို လက်ခံရန်အတွက် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်ကိုတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို ပြောပါခင်ဗျား။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီဟာနဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းမှုအပိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဥပဒေကြမ်းကော်မတီရဲ့ အစည်းအဝေးမှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော်တို့ တရားလွှတ်တော်ချုပ်ရဲ့သဘောထားနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် လက်ရှိအနေနဲ့ကတော့ ဆင်းရဲနွမ်းပါးတဲ့တရားခံတွေကို အကူအညီပေးနေတဲ့ တည်ဆဲဆောင်ရွက်နေတဲ့အပိုင်းကတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးနဲ့ တရားရုံးများလက်စွဲအရ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါကျတော့ ရှေ့နေချုပ်ရုံးက ရှေ့နေချုပ်ဥပဒေသွားတဲ့အခါမှာ ဒီအပိုင်းတွေခွဲတဲ့အခါမှာ ဒီလုပ်ငန်းဟာ ဘယ်အဖွဲ့အစည်းရဲ့လုပ်ငန်းလည်းလို့ ကျွန်တော်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအခါကျတော့ တရားစီရင်ရေးနဲ့အုပ်ချုပ်ရေးနဲ့ဆိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာသွားတဲ့အခါမှာ အာဏာသုံးရပ်ပိုင်းခြားကျင့်သုံးတဲ့နေရာမှာ ဖြစ်နိုင်သမျှ တိကျပိုင်းခြားဆောင်ရွက်ဖို့လိုပါတယ်။ တကယ်လို့ အခုဥပဒေပြုတဲ့အဖွဲ့က ဥပဒေပြုတဲ့အခါမှာ ဒီဥပဒေပြုထားတဲ့ ဥပဒေအပေါ်မှာ အကောင်အထည်ဖော်ရမည့် တရားစီရင်ရေးအဖွဲ့အစည်းနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ဘယ်လိုလုပ်ရမလဲဆိုတာကိုတော့ ဥပဒေပြုအဖွဲ့က တိတိကျကျပြဋ္ဌာန်းပေးပြီးပြီဆိုရင် ကိုယ်တိုင်ဆောင်ရွက်ရတဲ့အပိုင်းမှာ တစ်နည်းအားဖြင့်တော့ Law enforcement ဆောင်ရွက်ရတဲ့အပိုင်းမှာကျတဲ့အခါကျတော့ Performent လုပ်တဲ့အပိုင်းမှာကျရင်တော့ ဝင်မပါတဲ့စနစ်ကပိုကောင်းပါတယ်လို့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့်လည်း ဗဟိုအဖွဲ့မှာပဲဖြစ်ဖြစ်၊ တိုင်းအဖွဲ့မှာပဲဖြစ်ဖြစ်၊ မြို့နယ်အဆင့်မှာပဲဖြစ်ဖြစ် အဲဒီမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေထည့်သွင်းဖွဲ့စည်းခြင်းဟာ ဥပဒေပြုတဲ့လူက ဒီအကောင်အထည်ဖော်တဲ့ Law enforcement အပိုင်း၊ Law Performent အပိုင်းမှာလည်း ပါဝင်ဆောင်ရွက်ရခြင်းကြောင့်မို့လို့ ဒီဟာတွေကိုမထည့်သင့်ပါကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီလွှတ်တော်ကိုယ်စားလှယ်ထည့်တာကိုတော့ မသင့်တော်ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားကို ပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်တွေမှာလည်း ဖြုတ်ထားခဲ့ပြီးတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြို့နယ်အဆင့်မှာ ထပ်ပြီးတော့ ထည့်ရန်မသင့်တော်ဘူးလို့ပဲ ယူဆပါတယ်။ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူးခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ မြို့နယ်အဆင့်ဟာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းတွေကို အဓိကလုပ်ရမယ့်တစ်ကယ့် Operator အဖွဲ့ ဖြစ်ပါတယ်။ လက်ရှိ ဒီဥပဒေကို အသစ်ပြဌာန်းပြီး စတင်လုပ်ကိုင်တဲ့ အချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အသီးသီးသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးဟာ မြို့နယ်တစ်မြို့နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးဟာ စောစောက ဒီအဆိုပြုချက်တင်ပြတဲ့ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က တင်ပြသလိုပဲ ပြည်သူလူထုရဲ့ကိစ္စရေးရာမှန်သမျှကို ဝိုင်းဝန်းဆောင်ရွက်နေရတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအဖွဲ့မှာထည့်ထားတာဖြစ်ပါတယ်။ နောက်တစ်ချက်က ဥပဒေပြုရေးအဖွဲ့တွေက Law enforcement ရဖို့အတွက် ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ပါဘူး။ ဥပဒေပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ထိန်းကြောင်းတဲ့သဘောနဲ့ ဝင်ရောက်ပါဝင်လုပ်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံရဲ့အခြေအနေအရလည်းပဲ အောက်ခြေအနေမှာ Law enforcement လုပ်နိုင်အောင် ဒီဥပဒေအထောက်အကူပြုရေးအဖွဲ့ရဲ့ လုပ်ငန်းဆောင်တာတွေ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်လုပ်နိုင်ဖို့ဆိုလို့ရှိရင် ပြည်သူတွေရွေးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဝင်ရောက်စွက်ဖက်တာမဟုတ်ဘဲနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်တာဖြစ်တဲ့အတွက် လက်ခံရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က တင်ပြထားတဲ့ အတည်ပြုချက်ကို လက်ခံပေးဖို့ လွှတ်တော်က အဆိုပြုအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက အသစ်ဖြည့်စွက်ချက်အနေနဲ့ တင်ပြထားတာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံအတည်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ အသစ်ဖြည့်စွက်ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်းမေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ ကန့်ကွက်တဲ့လူရှိရင် မတ်တပ်ရပ်ပေးပါ။ သဘောမတူတဲ့သူ ခုနစ်ဦးရှိပါတယ်။ အများသဘောတူတဲ့အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ အသစ်ဖြည့်စွက်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂၉ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက်ကို တင်သွင်းဖို့အတွက် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီအပိုဒ်မှာလည်း အသစ်ဖြည့်စွက်ချက်အနေနဲ့ ကျွန်တော်က ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)မှာ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုပြီးတော့ကျတော့ ကျွန်တော်ဖြည့်စွက်တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီဟာကလည်း ကျွန်တော်တို့ စောစောတုန်းကကျွန်တော်တို့တင်ပြသွားတဲ့ အပိုင်းမှာ မြို့နယ်ထဲမှာ မြို့နယ်ကအားလုံးဟာ အဓိကဒီပြဿနာတွေရဲ့အခြေခံ ကိုင်တွယ်ပြီးတော့ ဖြေရှင်းပေးရမှာ မြို့နယ်အထောက်အကူပြုအဖွဲ့တွေဖြစ်ပါတယ်။ မြို့နယ်အထောက်အကူပြုအဖွဲ့တွေမှာ မြို့နယ်ထဲမှာရှိနေတဲ့ ဥပဒေပညာရှင်တွေရော၊ ကျန်တဲ့ အဖွဲ့အစည်းတွေနဲ့ရော ဒီဟာအားလုံးညှိနှိုင်းဆောင်ရွက်ပေးနိုင်မှသာလျှင် ပိုပြီးတော့ ပြည်သူအတွက် ထိရောက်တဲ့လုပ်ငန်းတွေလုပ်ပေးနိုင်မယ်လို့ ခံယူတဲ့အတွက် ကျွန်တော် ဒီအပိုဒ်ကို အခုလို အသစ်ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောပြောပါခင်ဗျား။

**ဦးသာဌေး(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ဦးစိုးဝင်းရဲ့ပြင်ဆင်ရန် တင်ပြချက် ဆီလျော်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားကိုပြောပါခင်ဗျာ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ သဘောတူပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိ ပါဘူး။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားလေးပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ** ။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းတင်ပြတဲ့ အသစ်ဖြည့်စွက်ချက် ဖြစ်တဲ့ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ) အသစ်ဖြည့်စွက်ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အသစ်ဖြည့်စွက်ချက် တင်သွင်းတဲ့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ အသစ်ဖြည့်စွက်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက် ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄၁ ဖြစ်ပါတယ်။ အမှား ပြင်ပါတယ်။ စာမျက်နှာ ၃၇ ပါ။ အမှတ်စဉ် ၁၇၂ ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အနေနဲ့ စာမျက်နှာ ၃၇ အမှတ်စဉ် ၁၇၂ အခန်း(၉) အပိုဒ် ၃၀ ကို ပယ်ဖျက်ရန်ဖြစ်ပါတယ်။ အပိုဒ် ၃၀ မှာ မူလပြဋ္ဌာန်းချက်က မူလအဆိုပြုပြဋ္ဌာန်းချက်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသူများက သဘောရိုးနှင့်ဆောင်ရွက်သဖြင့် နစ်နာမှုဖြစ်ပေါ်ရခြင်းအပေါ် တရားစွဲဆိုခွင့်မရှိစေရဟု အဆိုပြု ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ကျွန်မ ဒီအပိုဒ်ကို ပယ်ဖျက်မှာဖြစ်ပါတယ်။ ဘာကြောင့်ပယ်ဖျက်ရသလဲဆိုရင် ဥပဒေမှာ ဆောင်ရွက်ချက်တစ်ခုကြောင့်မို့လို့ အဲဒီဆောင်ရွက်ချက်ဟာ သဘောရိုးဟုတ်တယ်/ မဟုတ် ဘူးဆိုတာကို ကျွန်မတို့ ဒီဟာရဲ့အပေါ်မှာ ဆုံးဖြတ်ရမှာဟာ နစ်နာသူကိုယ်တိုင်ကဖြစ်ပါတယ်။ ဒီလိုမျိုး နစ်နာသူကိုယ်တိုင် ဆုံးဖြတ်ရမှာရဲ့အပေါ်မှာ ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းရန် မသင့်တော်တဲ့အတွက် ကြောင့်မို့လို့ ဒီအပိုဒ် ၃၀ ကို ကျွန်မအနေနဲ့ ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပယ်ဖျက်ပေးနိုင်ပါရန်အတွက် တင်ပြပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါခင်ဗျာ။

**ဦးသာဒွေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ နာယကကြီးခင်ဗျား။ တရားစွဲဆိုခွင့်မရှိခြင်းနှင့် ပြစ်မှုမြောက်ခြင်းရှိပါတယ်။ ပြစ်မှုမမြောက်ဘူး မြောက်တယ်ဆိုတာကတော့ ဒီ ပြစ်မှုဆိုင်ရာဥပဒေမှာ ကင်းလွတ်ခွင့်ရလို့ရှိရင် ပြစ်မှုမမြောက်ပါဘူး။ ကင်းလွတ်ခွင့်ရတယ်၊ မရဘူး ဆိုတဲ့အပိုင်းမှာ သဘောရိုးနဲ့ ပြုလုပ်ခြင်း ပြစ်မှုမမြောက်လို့ ပြစ်မှုဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းထားပါ တယ်။ ဒေါ်ခင်စန်းလှိုင် ဆိုလိုခြင်းကလည်း ဒီသဘောဖြစ်ပါတယ်။ သဘောရိုးဖြင့် ရှိ/မရှိဆိုတာကို တရားရုံးရောက်မှ ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီပြဋ္ဌာန်းချက်အရဆိုပြီးတော့ တရားစွဲဆို ခွင့်ကို အစကတည်းက ပိတ်ပင်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ လိုက်လျောညီထွေဖြစ်အောင် လို့ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းရှိ/မရှိကို တရားရုံးကျမှပဲ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေါ်ခင်စန်းလှိုင် တင်ပြတဲ့ ဒီ ပယ်ဖျက်ရန်ကိစ္စကို သဘော တူကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအပါအဝင် ဥပဒေကြမ်းကော်မတီကလည်း သဘောတူတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေး ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူမရှိတဲ့အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ အခုနက ပြောတဲ့ စာမျက်နှာ ၄၁ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အနေနဲ့ စာမျက်နှာ ၄၁ အပိုဒ် ၁၉၀ အခန်း(၁၀)မှာ အသစ်ဖြည့်စွက်ချက်အနေနဲ့ ပုဒ်မ ၅၀ ဖြင့် ဖြည့်စွက်မှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဖြည့်စွက်မယ့်အချက်ကတော့ မိမိတို့အစီအစဉ်ဖြင့် ဥပဒေ အထောက်အကူပေးရေးလုပ်ငန်း လုပ်ဆောင်နေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက် ချက်များသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်းမရှိစေရဟု အသစ်ဖြည့်စွက်မှာဖြစ်ပါတယ်။ ကျွန်မ ဘာ့ကြောင့်ဖြည့်စွက်ချင်ရတာလဲဆိုရင် အနည်းငယ်ရှင်းပြပါရစေ။ လေးစားအပ်ပါသော ဒုတိယ

ဥက္ကဋ္ဌကြီးရှင်။ ဒီအချက်ကို အရေးကြီးတဲ့ ပုဒ်မအနေနဲ့ ကျွန်မအသစ်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဘာ့ကြောင့်ဖြည့်စွက်ရသလဲဆိုတာကို ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်မတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ယခု ဥပဒေမှာပါဝင်တဲ့ ဥပဒေအထောက်အကူပြုလုပ်ငန်းတွေကို ၁၉၉၀ ခုနှစ် ကတည်းကပင် ထောက်ပံ့ကြေးတစ်စုံတစ်ရာ၊ အခွင့်အရေးတစ်စုံတစ်ရာမရရှိဘဲ ရယူခဲ့ကြခြင်း လည်းမရှိဘဲ ဥပဒေအထောက်အကူပြုလုပ်ငန်းတွေကို ဆောင်ရွက်နေခဲ့တာဟာ ယနေ့အချိန်မှာတော့ နိုင်ငံတစ်ဝန်းလုံးမှာ အမှုအမျိုးအစားပေါင်းများစွာကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုကူညီ ထောက်ပံ့ပေးနေတဲ့နေရာမှာလည်း ကျွန်မတို့တတွေအပြင် မိမိတို့ဆန္ဒ၊ မိမိတို့အစီအစဉ်နှင့် အထောက်အကူပေးနေတဲ့သူများ၊ အဖွဲ့အစည်းများကလည်း ရှိနေပြီဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် မို့လို့ ဒီလိုအဖွဲ့အစည်းတွေ၊ ဒီလိုဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်များရဲ့အပေါ်မှာ ဗဟိုကနေချုပ်ကိုင်ခြင်း မပြုနိုင်စေရန်အတွက်လည်း အထူးအရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ဒီအခုပြဋ္ဌာန်းတဲ့ဥပဒေမှာ ကျွန်မတို့အနေနဲ့ ပုဒ်မအသစ်တစ်ခုအနေနဲ့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ပုဒ်မ ၅၀ ကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကနေ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီဥပဒေပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်ကို ပထမပြောကြားလိုပါ တယ်။ ကျွန်တော်တို့ နားလည်ထားတာကတော့ ဒီဥပဒေပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်ကတော့ ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးနှင့်ပတ်သက်ပြီးတော့ ဆင်းရဲသား ပြစ်မှုကျခံနေရတဲ့သူတွေကို ကျွန်တော်တို့က လက်ရှိပေးနေတာထက် များများပေးနိုင်ဖို့ (၁) ရည်ရွယ်တယ်လို့ ကျွန်တော်တို့သိရ ပါတယ်။ (၂) ကတော့ အခုလို ပေးနေတဲ့နေရာမှာ အစိုးရအပိုင်းက ဆောင်ရွက်နေတာရှိသလို ပုဂ္ဂလိက အဖွဲ့အစည်းတွေကနေပြီးတော့ မိမိတို့အစီအစဉ်နဲ့ ဒီကနေ့ ဆောင်ရွက်နေရတဲ့အပိုင်းတွေ ရှိပါတယ်။ အဲဒီလို အပိုင်းတွေကို ကျွန်တော်တို့က စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်ဖို့ အတွက်ကို ဒီဥပဒေရေးဆွဲတယ်လို့ ကျွန်တော်နားလည်တာဖြစ်တဲ့အတွက်ကြောင့် ဥပဒေရည်ရွယ်ချက် က အဲဒီအတိုင်းဖြစ်တယ်ဆိုလို့ရှိရင် အခုလို ဒီ Legal Aid အဖွဲ့အစည်း ဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ဒီ Legal Aid Law အရ ဆောင်ရွက်ရတဲ့အပိုင်းနဲ့ ဒီ Legal Aid Law နဲ့ ကင်းကွာပြီး ဆောင်ရွက်တဲ့

ဟာတွေအကြားမှာ မတူညီတဲ့ အကူအညီပေးမှုတွေပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီတော့ ငွေရေးကြေးရေးဆိုင်ရာ ကြိုတွေးမှုတွေလည်း ဖြစ်ပေါ်လာနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် ဒီဥပဒေရဲ့ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်မယ်ဆိုရင်တော့ မိမိတို့အစီအစဉ်နဲ့ ဆောင်ရွက်နေတဲ့ဟာတွေကလည်း ဒီထည့်မှာ တစ်ပေါင်းစည်းတည်းပါဝင်နိုင်မယ်။ ဒီ Law အတိုင်းပဲ ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ဥပဒေရဲ့ရည်ရွယ်ချက် အထမြောက်မယ်လို့ ယူဆပါတယ်။ နောက်တစ်ခုကတော့ စိုးရိမ်စရာလေးတစ်ခု ရှိကောင်းရှိစရာဖြစ်ပါတယ်။ အဲဒါဘာလဲဆိုတော့ မိမိအစီအစဉ်နဲ့ လိုက်ကျတယ်ဆိုတဲ့အပိုင်းတွေမှာ ကိုယ်ကစေတနာရှိလို့မို့ အခမဲ့နဲ့ ကိုယ့်မိတ်ဆွေဖြစ်ရင်ဖြစ်မယ်။ ဆွေမျိုးဖြစ်ရင်ဖြစ်မယ်။ အဲဒီလို ကူညီနိုင်စရာပုဂ္ဂိုလ်တွေဟာ ဒီဥပဒေနဲ့ မထည့်သွင်းမပြဋ္ဌာန်းသည့်တိုင် ကျွန်တော် မထိခိုက်ဘူးလို့ ယူဆတဲ့ အတွက်ကြောင့်မို့လို့ ဒေါ်ခင်စန်းလှိုင်တင်ပြတဲ့ ဒီပုဒ်မ ၅၀ မိမိအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ဟာတွေဟာ ဒီဥပဒေနဲ့ မသက်ဆိုင်စေရဆိုတဲ့ ပြဋ္ဌာန်းချက်ကိုတော့ ထည့်သွင်းရန် မသင့်ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အလေးအနက်တင်ပြပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက သဘောထားပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ကျွန်တော်တို့ အနေနဲ့ တရားလွှတ်တော်ချုပ် တရားသူကြီး ဆွေးနွေးသွားတဲ့အတိုင်းပါပဲ။ ဟိုနေ့ကလည်း ဥပဒေကြမ်းကော်မတီမှာ ဒါဆွေးနွေးခဲ့တာရှိပါတယ်။ ဒီအချက်နှင့်စပ်လျဉ်းပြီးတော့ အခု စမ်းချောင်းမဲဆန္ဒနယ် ဦးစိုးဝင်းကလည်း ခုနက အမှတ်စဉ် ၁၃၄ မှာ ဒီဥပဒေဆိုင်ရာ အထောက်အကူပေးတဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေနဲ့ ဒီအစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်လာဖို့ ညှိနှိုင်းဆောင်ရွက်မယ်ဆိုတာ ထည့်သွင်းပြဋ္ဌာန်းလိုက်တာရှိပါတယ်။ အဲဒီတော့ ပူးပေါင်းပါဝင်တဲ့ အဖွဲ့နှင့် ပူးပေါင်းပါဝင်ခြင်းမရှိတဲ့ အဖွဲ့ဆိုပြီးတော့ ဒီအဖွဲ့အစည်းတွေကြားမှာလည်း ကွဲပြားတဲ့ ပုံသဏ္ဌာန်တွေ ပေါ်ပေါက်လာနိုင်ပါတယ်။ နောက် ခုနက ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေရဲ့ ခုနက လှူဒါန်းငွေတွေလည်း၊ ထောက်ပံ့ငွေတွေလည်း လက်ခံရယူသုံးစွဲနိုင်တယ်ဆိုတာလေး Aid/grant ယူနိုင်တယ်ဆိုတာ ပြဋ္ဌာန်းထားတာရှိတော့ ဒီဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှာ ဒီပူးပေါင်းပါဝင်မှုတွေလည်း ဒီပြဋ္ဌာန်းချက်ကြောင့် လျော့နည်းပြီးတော့ ကွဲပြားနိုင်တယ်လို့ ကျွန်တော်တို့အနေနဲ့ မြင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအချက်ကိုတော့ ထည့်သွင်းပြဋ္ဌာန်းရန် သင့်/မသင့် စဉ်းစားသင့်ကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရဲ့တင်ပြချက်များကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့အနည်းငယ်ဖြည့်စွက် ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီဥပဒေအထောက်အကူပြုဥပဒေကြမ်းဟာ ကျွန်တော်တို့ နိုင်ငံအတွက်အသစ်ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းပေါ်လာမှ ဒီဥပဒေကြမ်းအတိုင်း ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သွားကြမှာဖြစ်သလို နိုင်ငံတကာမှာတော့ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်နေကြသလို ကျွန်တော်တို့ အာဆီယံနိုင်ငံမှာလည်း ကျင့်သုံးဆောင်ရွက်နေကြတာတွေ့ပါတယ်။ ဒါကို စတင်ပြီးတော့ပေါ်ပေါက်လာတဲ့အခြေအနေကတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်နာယကကြီးရဲ့တာဝန်ပေးချက်အရ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌလည်း ဒီရက် နိုင်ငံတကာဖိုရမ်တွေမှာ သွားတက်ပြီးတော့ အတွေ့အကြုံတွေအရ သက်ဆိုင်တဲ့ ဝန်ကြီးဌာများနှင့် ညှိနှိုင်းရေးဆွဲပြီးတော့ ဖြစ်လာတဲ့ ဥပဒေကြမ်းလည်းဖြစ်ပါတယ်။ အဲဒီတော့ အသစ်ဖြစ်တဲ့အတွက် ပြည်သူ့အကျိုးကို ရည်ရွယ်ဆောင်ရွက်သော်လည်း တချို့အဖွဲ့များဟာ စိုးရိမ်စိတ်များစွာ ရှိတဲ့အတွက် ဒီ CSO တွေ၊ INGO တွေ အချို့ဟာ ကန့်ကွက်မှုတွေလည်း အများကြီးပေါ် ပေါက်ခဲ့ပါတယ်။ အဲဒီတော့ ပေါ်ပေါက်ခဲ့တော့ သူတို့အဓိကကတော့ လက်တွေ့နိုင်ငံတကာ အထောက်အပံ့နဲ့ အကူအညီနဲ့ ရယူဆောင်ရွက်နေတဲ့ လုပ်ငန်းများကို သွားပြီးတော့ ထိခိုက်မှာကို သူတို့စိုးရိမ်ကြပါတယ်။ (၁)ကတော့ အဲဒီအပေါ်မှာ ရည်ရွယ်ပြီးတော့ ဒါကို တိုက်ခိုက်ကြခြင်းဖြစ်ပါတယ်။ ဒီဟာကို ကန့်ကွက်ပါတယ်လို့ ပြောဆိုကြခြင်းဖြစ်တယ်ဆိုတာကို နောက်ပိုင်းမှာမှ ကျွန်တော်တို့ သိရှိရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီမှာကတော့ အသစ်ဖြစ်တဲ့အတွက် ပြင်ပအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအကူအညီတွေရယူဆောင်ရွက်နေတဲ့ CSO တွေ၊ INGO တွေ၊ NGO

တွေများဟာ တစ်ချိန်ချိန်မှာ ဒီဥပဒေထဲမှာ ပူးပေါင်းပါဝင်လာဖို့ ရည်ရွယ်ထားတာမှန်သော်လည်း လတ်တလောဆောင်ရွက်တဲ့အချိန်မှာတော့ သူတို့ရဲ့စိုးရိမ်စိတ်တွေလည်း ကင်းပျောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒါဟာ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ရဲ့ တင်ပြချက်ကို ကျွန်တော်တို့ကလည်း သဘောတူခြင်းဖြစ်ပါတယ်။ ဒါမှသာလျှင် လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများကိုလည်း မထိခိုက်စေဘဲနဲ့ ဒီဥပဒေရဲ့ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခြင်း သီးခြားစီဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ထည့်သွင်းရခြင်းဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေါ်ခင်စန်းလှိုင်းရဲ့ အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အသစ်ဖြည့်စွက်ချက်တွေ၊ ပြင်ဆင်ချက်တွေ အားလုံးတင်သွင်းခဲ့ကြပါတယ်။ အခုနောက်ဆုံးတစ်ချက်ဖြစ်တဲ့ ပုလဲမဲဆန္ဒနယ်ရဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့ အသစ်ဖြည့်စွက်ချက်ကို ဥပဒေကြမ်းကော်မတီကလည်း လက်ခံသဘောတူထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကို ဒီနေရာမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ အသစ်ဖြည့်စွက်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ နှစ်ဦးဖြစ်ပါတယ်။ သဘောတူသူများတဲ့အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အသစ်ဖြည့်စွက်ချက်ကို တင်သွင်းတဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ အသစ်ဖြည့်စွက်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်

ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီးပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ် ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စားကော်မတီဥက္ကဋ္ဌကြီးရဲ့တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယ

အကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၅-၆-၂၀၁၅ ရက်နေ့တွင်တင်သွင်းခဲ့ပြီး ၁၉-၆-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဥပဒေ (၁၉၉၃)နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၀၆) တို့ကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက်ရည်ရွယ်၍ ဒုတိယအကြိမ်ပြင်ဆင်ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၆-၂၀၁၅ ရက်နေ့တွင် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်များမှာ -

(က) အဆိုပြုဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅) ပိုဒ်ပါရှိပြီး၊ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၄) ပိုဒ်ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များဖြစ်သော ဥပဒေကြမ်းခေါင်းစီး၊ အပိုဒ် ၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့သည် ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်၊ လက်တွေ့အကောင်အထည်ဖော်

ဆောင်ရွက်မှုနှင့် ဆီလျော်မှုရှိစေရန် ပြင်ဆင်ထားခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

၄။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁-၇-၂၀၁၅ ရက်နေ့(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၁)မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)မြောက်ရက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)မြောက်နေ့ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]